# သင်၏ WIC ရက်ချိန်းသို့ ယူဆောင်လာရမည့်အရာများ
# (လျှောက်ထားသူအသစ် သို့မဟုတ် သက်တမ်းပြန်တိုးခြင်း)

ချိန်းဆိုရသည့်အကြောင်းရင်း - ________________________ ☐ လူကိုယ်တိုင် ☐ အဝေးမှ

ချိန်းဆိုသည့်ရက်စွဲ - ______________ အချိန် - ____________

WIC ဆေးခန်း - ______________________________

WIC ဖုန်း/အီးမေးလ် - ______________________________

***သင့်ချိန်းဆိုမှုကို ပြန်လည်စီစဉ်ရန် လိုအပ်ပါက သို့မဟုတ် လွဲသွားပါက WIC ကို ဖုန်းခေါ်ဆိုပါ။***

WIC လျှောက်ထားသူများသည် ၎င်းတို့၏ရက်ချိန်းကို ဆေးခန်းတွင် လူကိုယ်တိုင်ဖြစ်စေ **သို့မဟုတ်** အဝေးမှ ဖုန်းဖြင့်ဖြစ်စေ ပြီးမြောက်အောင်လုပ်ဆောင်ရန် ရွေးစရာရှိပါသည်။

1. **လူကိုယ်တိုင် ရက်ချိန်းများအတွက်သာ -** WIC တွင် လျှောက်ထားသူ တစ်ဦးချင်းစီသည် ပထမဆုံး ရက်ချိန်းကို **မပျက်မကွက်** တက်ရောက်ရပါမည်။

2. **အထောက်အထား (ID)** – WIC တွင် လျှောက်ထားသူ နှင့်/သို့မဟုတ် သက်တမ်းတိုးသူ **တစ်ဦးချင်းစီ**အတွက် ဖော်ပြထားသော စာရင်းပါ ID **တစ်ခု**ရှိရပါမည်။

   **လက်ခံနိုင်သော ID ပုံစံများတွင် ပါဝင်သည်များမှာ -**

   - ProviderOne ကတ် (သက်တမ်းကျန်ရှိရမည်)
   - ယာဉ်မောင်းလိုင်စင် သို့မဟုတ် ပြည်နယ် ID ကတ်
   - စစ်မှုထမ်း ID
   - လူမျိုးစု ID ကတ်
   - အလုပ် သို့မဟုတ် ကျောင်း ID
   - နိုင်ငံကူးလက်မှတ်
   - နိုင်ငံဖြတ်ကျော်ဝင်ရောက်သူကတ်၊ သံတမန် ID သို့မဟုတ် အခြားနိုင်ငံမှ နိုင်ငံသား ID (ဥပမာ - ဂရင်းကတ်၊ Immigration and Customs Enforcement (ICE၊ ရွှေ့ပြောင်းနှင့်အကောက်ခွန်ရေးရာဌာန) ID ကတ်
   - မွေးစာရင်း
   - ကျန်းမာရေးအာမခံ သို့မဟုတ် စစ်ဘက်ကျန်းမာရေးကတ်
   - လူမှုဖူလုံရေးကတ်
   - မဲပေးသူမှတ်ပုံတင်ကတ်
   - မွေးကင်းစ ကလေးငယ်များနှင့် ကလေးများ - အထက်တွင် ဖော်ပြထားသော အရာများ သို့မဟုတ် ဆေးရုံမှ မွေးစာရင်းမှတ်တမ်း၊ မွေးစာရင်းကတ်၊ ခြေကျင်းဝတ်မှတ်တမ်းကတ်၊ ဆေးရုံဆင်းကြောင်း စာရွက်စာတမ်း၊ မွေးကင်းစကလေး အကြားအာရုံစစ်ဆေးချက် သို့မဟုတ် အခြားအကဲဖြတ်မှတ်တမ်းများ၊ Well Child ဆေးစစ်ချက်မှတ်တမ်း၊ စာခေါင်းတွင် ဆရာဝန် သို့မဟုတ် သားဖွားဆရာမက ရေးပေးသည့် မှတ်ချက် သို့မဟုတ် မွေးကင်းစကလေး၏ မွေးရက်ပါသည့် ဆေးအညွှန်းစာ

**မှတ်ချက်** - WIC တွင် မှတ်တမ်းဝင်ထားခြင်းဖြင့် သင့်ကို လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် မငြိစွန်းစေသလို သင်၏ရွှေ့ပြောင်းအခြေချမှု အခြေအနေအပေါ် အကျိုးသက်ရောက်မှုမရှိပါ။ Washington WIC အတွက် အရည်အချင်းပြည့်မီစေရန် အမေရိကန်နိုင်ငံသားဖြစ်ရန် မလိုအပ်ပါ။

3. **ဝါရှင်တန်ပြည်နယ်တွင် သင်နေထိုင်ကြောင်းအထောက်အထား** – သင့်အမည်၊ လမ်းလိပ်စာ၊ မြို့ ပြည်နယ်နှင့် ဇစ်ကုဒ်ပါရှိသည့် အောက်ပါတို့အနက် **တစ်ခု**ကို ယူဆောင်ခဲ့ပါ။ *WIC သည် စာတိုက်ပုံးများကို နေထိုင်ကြောင်းအထောက်အထားအဖြစ် လက်ခံမည်မဟုတ်ပါ။*
    - ProviderOne ကတ် (သက်တမ်းကျန်ရှိရမည်)
    - ဝါရှင်တန်ပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ပြည်နယ် ID ကတ်
    - ဘောလ်စာရွက် (ဂက်စ်၊ လျှပ်စစ်မီး၊ ရေ၊ အမှိုက်ခွန် သို့မဟုတ် ဖုန်း)
    - Medicaid၊ Supplemental Nutrition Assistance Program (SNAP၊ ဖြည့်စွက်အာဟာရ ထောက်ပံ့ကူညီရေးပရိုဂရမ် သို့မဟုတ် Temporary Assistance for Needy Families (TANF၊ အကူအညီလိုအပ်နေသော မိသားစုများအတွက် ယာယီအထောက်အပံ့) အသိပေးစာ
    - ငှားရမ်းမှု သို့မဟုတ် အပေါင်ခံထားကြောင်း ကြေညာစာ သို့မဟုတ် ပြေစာ
    - မဲပေးသူမှတ်ပုံတင်ကတ် သို့မဟုတ် ပြည်နယ် သို့မဟုတ် ထိုဒေသတွင်နေထိုင်ကြောင်း အထောက်အထားလိုအပ်သည့် ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ စာရွက်စာတမ်း
    - လစာစာရွက် သို့မဟုတ် စစ်ဘက်ဆိုင်ရာခွင့်နှင့် ဝင်ငွေကြေညာစာ
    - အခြား။ ဥပမာ - နေရပ်လိပ်စာပါသည့် ကျန်းမာရေးအာမခံ သို့မဟုတ် လူမှုဝန်ဆောင်မှုကတ်

4. ဝင်ငွေအထောက်အထား – အိမ်ထောင်စုဝင်ငွေ၏ ရင်းမြစ်**အားလုံး**အတွက် အထောက်အထားကို ယူဆောင်လာပါ။ အိမ်ထောင်စုတွင် အတူတကွနေထိုင်၍ ဝင်ငွေနှင့် အိမ်ထောင်စုအသုံးစရိတ်များကို မျှခံပေးသူများ ပါဝင်ပါသည်။ ဥပမာတွင် ပါဝင်သည်များမှာ -
    - ProviderOne ကတ် (သက်တမ်းကျန်ရှိရမည်)
    - အလုပ်ရှိသူ (လွန်ခဲ့သော ရက် 30 စာအတွက် လစာစာရွက်များ)
    - စစ်ဘက်ဆိုင်ရာခွင့်နှင့် ဝင်ငွေကြေညာစာ
    - ကိုယ်ပိုင်အလုပ်
    - အလုပ်လက်မဲ့အကျိုးခံစားခွင့် ကြေညာစာ
    - အစိုးရအထောက်အပံ့ယူထားကြောင်း ကြေညာစာ ((Food Distribution Program on Indian Reservations (FDPIR၊ အင်ဒီးယန်းနယ်မြေများအတွက် အစားအစာဖြန့်ဝေပေးရေး ပရိုဂရမ်)၊ SNAP၊ TANF)
    - ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ စာရွက်စာတမ်း
    - ကလေးစရိတ် ရရှိခြင်း
    - အိမ်ထောင်ဖက်စရိတ် ရရှိခြင်း
    - ဝင်ငွေနည်းသော အကူအညီမဲ့သူများအား ထောက်ပံ့ရေး (SSI)
    - ပညာသင်ဆု သို့မဟုတ် ထောက်ပံ့ကြေး
    - အမေရိကန် ဌာနေတိုင်းရင်းသား တစ်ဦးချင်းစီအတွက် ငွေပေးအပ်မှုများ
    - ဆွေမျိုးများ သို့မဟုတ် သူငယ်ချင်းများထံမှ ပိုက်ဆံ
    - စစ်မှုထမ်းဟောင်း၏ အကျိုးခံစားခွင့်များ
    - အငြိမ်းစား/ပင်စင် (အရပ်သား သို့မဟုတ် စစ်သား)

- အလုပ်သမား၏ နစ်နာကြေး၊
  မသန်စွမ်းမှုလျော်ကြေး သို့မဟုတ်
  လုပ်သားနှင့် လုပ်ငန်းနယ်ပယ်များ

5. ရရှိနိုင်ပါက မွေးကင်းစကလေးငယ်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအတွက် **ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းများ**။

ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။ Washington WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။ ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် ကာစတန်မာများအနေဖြင့် 711 (Washington Relay) သို့ ဖုန်းခေါ်ပေးပါ သို့မဟုတ် wic@doh.wa.gov သို့အီးမေးလ်ပို့ပေးပါ။ DOH 962-1034 February 2025 Burmese